**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# တစ်ပတ်အတွင်းမြန်မာ့နိုင်ငံရေးသတင်းအကျဉ်းချုပ် (၁၀၅/ ၂၀၁၂)

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၂၈) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ၄င်း၏ အိန္ဒိယနိုင်ငံသို့ ၅ ရက်ကြာခရီးစဉ်အဖြစ် ဇန်နဝါရီ ၂၃ ရက်နေ့တွင် စတင်ရောက်ရှိလာပြီး လွန်ခဲ့သည့် ၂၀၁၁ ခုနှစ် အောက်တိုဘာလက မြန်မာသမ္မတ၏ ခရီးစဉ်အတွင်း သဘောတူခဲ့သည့်စာချုပ်များနှင့်လုပ်ငန်းစဉ်များကို သုံးသပ်ဆွေးနွေးသွားရန်ရှိကြောင်း ယင်းခရီးစဉ်အားဖိတ်ကြားခဲ့သည့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ (BBC 230112) Read More…
- မြန်မာနိုင်ငံက ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် စနစ်တကျနှင့် တဖြည်းဖြည်းချင်း အသွင်ပြောင်းမှုသာဖြစ်လာလိမ့်မည်ဖြစ်ကြောင်း မြန်မာအစိုးရ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဇန်နဝါရီ ၂၄ ရက်နေ့က ပြောကြားလိုက်သည်။ (RFA 250112) Read More…
- သမ္မတ ဦးသိန်းစိန် အစိုးရက ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နေခြင်း၊ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခြင်းတို့ကို မြန်မာ့တပ်မတော်အတွင်းမှ အရာရှိအရာခံအကြပ်တပ်သားများကနှစ်သက်ကြကြောင်း စစ်ဘက်အသိုင်းအဝန်းနှင့်နီးစပ်သူတစ်ဦးကပြောသည်။ (Irrawaddy 260112) Read More…
- စာပေစိစစ်ရေးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက ပြည်တွင်းသတင်း ဂျာနယ်များမှ အယ်ဒီတာချုပ်များနှင့် တာဝန်ရှိသူများကို ဇန်နဝါရီ ၂၅ ရက်နေ့က ခေါ်ယူတွေ့ဆုံကာ စာပေစိစစ်ရေးဌာနက ချမှတ်ထားသော စည်းကမ်းများကို လိုက်နာပြီး သတင်းဂျာနယ်များထုတ်ဝေကြရန် မေတ္တာရပ်ခံလိုက်ကြောင်း အစည်းအဝေးတက်ရောက်ခဲ့သော သတင်းဂျာနယ်တာဝန် ခံအယ်ဒီတာတစ်ဦးကပြောသည်။ (Irrawaddy 260112) Read More…
- မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှု၊ ယင်းပိတ်ဆို့မှုများ လျှော့ချရုပ်သိမ်းရာတွင် ဒေါ်အောင်ဆန်းစုကြည်၏ အခန်းကဏ္ဍတို့နှင့်ပတ်သက်၍ နေပြည်တော် ထိပ်ပိုင်းခေါင်းဆောင် အဖွဲ့ဝင် ၁၁ ဦးပါ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (NDSC) အတွင်း အပြင်းအထန်ဆွေးနွေးငြင်းခုန်နေကြကြောင်း နီးစပ်သည့်အသိုင်းအဝန်းကပြောသည်။ (Irrawaddy 270112) Read More…
- လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သဘောတူညီချက်များရရှိရန် ညှိနှိုင်းဆောင်ရွက်ရာ၌ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အခက်အခဲအချို့ရှိသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအရ ထာဝရငြိမ်းချမ်းရေး သဘောတူညီချက်များရရှိသည်အထိကြိုးစားသွားမည်ဟု ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်းကပြောဆိုလိုက်သည်။ (VOA 280112) Read More…
- မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးမှာသာမက စီးပွားရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ပြုလုပ်ရန် အတော်အတန်ကျန်ရှိနေဆဲဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံ Davos တွင် ပြုလုပ်သောကမ္ဘာ့စီးပွားရေးညီလာခံကို တတ်ရောက်နေသည့် မြန်မာစက်မှုဝန်ကြီး ဦးစိုးသိန်းကပြောဆိုလိုက်သည်။ (VOA 280112) Read More…
- တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးမြတ်ကိုအား တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်အဖြစ် သမ္မတရုံးမှ ဇန်နဝါရီ ၂၇ ရက်စွဲဖြင့် ခန့်အပ်တာဝန်ပေးအပ်လိုက်ကြောင်း ဇန်နဝါရီ ၂၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသည်။ (Khit Lu Nge 280112) Read More…

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

### ကြံ့ဖွံ့ပါတီ

- အာဏာရ ကြံ့ဖွံ့ပါတီ USDP က ကြားဖြတ်ရွေးကောက်ပွဲ စည်းရုံးရေးခရီးများ ပြုလုပ်ရာတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မကွက်သစ် အစိုးရပိုင် မူလတန်းကျောင်းကို သုံးစွဲခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့တွင်လည်း ကျေးရွာ ကြီးငယ် အလိုက် ၅ သိန်းမှ ၁၀ သိန်းအထိ ထောက်ပံ့မည်ဟုကတိပြုပြီး ငွေမပေးဘဲခါတ်ပုံရိုက် မှတ်တမ်းယူမှုများ ပြုလုပ်ခဲ့သည်ဟု ဒေသခံအသီးသီးတို့ကပြောသည်။ (DVB 230112) Read More…
- ကြံ့ဖွံ့ပါတီ USDP အဖွဲ့ဝင်များအနေဖြင့် ပြည်သူများအား အနိုင်အထက်ပြုကျင့်ခြင်း၊ မောက်မာစော်ကားခြင်း၊ စည်းကမ်းပျက်ခြင်း၊ ပါတီတွင်း ဒီမိုကရေစီဖော်ဆောင်မှုကို အနှောင့်အယှက် ပြုသူများအား ပါတီတွင်နေရာရှိမည် မဟုတ်သကဲ့သို့ ဒဏ်ခတ်အရေးယူမှုများ ရှိလာနိုင်သည်ကို သတိပြုရန်လိုအပ်ကြောင်း လွန်ခဲ့သည့် ဇန်နဝါရီ ၂၁ ရက်နေ့က ကျင်းပသည့် USDP အထူးအစည်းအဝေးတွင် ပါတီဒု-ဥက္ကဌ သူရဦးရွှေမန်းက ပြောကြားလိုက်သည်။ (EMG 250112) Read More…
- ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ် ၄၈ နေရာလုံး ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အမတ်လောင်းများအဖြစ် ဒေသခံနှင့်ဌာနဆိုင်ရာမှ အငြိမ်းစားဝန်ထမ်းများဝင်ရောက်အရွေးခံမည်ဟု ရန်ကုန်တိုင်းထိပ်တန်းတာဝန်ရှိသူတစ်ဦးကပြောသည်။ (Mizzima 250112) Read More…
- ဇန်နဝါရီ ၂၁ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထူးအစည်းအဝေးတွင် USDP ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်တွင်း အမတ်နေရာအများစု အနိုင်ရယူထားရမည်ဖြစ်ကြောင်း၊ ယင်းသို့အနိုင်ရယူထားနိုင်မှ သာလျှင်လွှတ်တော်အင်အား ခိုင်မာတောင့်တင်းမည်ဖြစ်ကြောင်း ယင်းပါတီ၏ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးကပြောကြားလိုက်သည်။ (Irrawaddy 250112) Read More…
- ကြားဖြတ်ရွေးကောက်ပွဲတွင် ကြံ့ဖွံ့ပါတီ USDP အနေဖြင့် ရန်ကုန်မြို့ လစ်လပ်မဲဆန္ဒနယ် ၆ နေရာဖြစ်သော ကော့မှူး၊ မင်္ဂလာတောင်ညွန့်၊ သုံးခွ၊ လှည်းကူးနှင့် မရမ်းကုန်းမြို့နယ်တို့တွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း USDP ဗဟိုအလုပ်အမှု ဆောင် ဦးအောင်သိန်းလင်းကပြောကြားလိုက်သည်။ (YMG 260112) Read More…

### တပ်မတော်

#### (က) စစ်ဆင်ရေး

- လွန်ခဲ့သည့်အပတ်က တရုတ်နိုင်ငံ ရွှေလီမြို့တွင် မြန်မာအစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ကြား တွေ့ဆုံဆွေးနွေးအပြီး သဘောတူညီမှုအချို့ရခဲ့သော်လည်း အစိုးရတပ်များထိုးစစ်မှု ပိုပြီးပြင်းထန်လာနိုင်ကြောင်း မြန်မာ-တရုတ်နယ်စပ်မှ စစ်ရေးလေ့လာသူများကပြောသည်။ (KNG 230112) Read More…

#### (ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်အတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ရှိခဲ့သော်လည်း တိုင်းရင်းသားနယ်မြေများတွင် စစ်ပွဲများ ပြင်းထန်ခဲ့ပြီး အစိုးရတပ်က လူ့အခွင့်အရေး ချိုးဖောက်မှုအများအပြားကျူးလွန်ခဲ့ကြောင်း လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ HRW က အစီရင်ခံစာတစ်စောင်ထုတ်ပြန်လိုက်သည်။ (RFA 220112) Read More…, VOA…, BBC…
- ကရင်နီပြည် ဖရူဆိုမြို့နယ် ထေးဘျားညေကျေးရွာမှ ရွာသားတစ်စုသည် အိမ်ဆောက်ရန်အတွက် သစ်များသွားရောက်ခုတ်ယူနေစဉ် အစိုးရတပ် ခြေလျင်တပ်ရင်း (ခလရ) ၂၅၀ ပစ်ခတ်ခဲ့သည့်အတွက် အသက် ၃၅ နှစ် အရွယ် လူရယ်သေဆုံးပြီး ကျန်ရွာသား ၃ ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံတစ်ဦးကပြောသည်။ (KT 260112) Read More…

### အခြားနိုင်ငံရေးပါတီများ

- ရှမ်းနီလူမျိုးစုများ အခြားတိုင်းရင်းသားများနီးတူ တန်းတူအခွင့်အရေးရရှိရေးအတွက် တိုင်းလိုင် (ခေါ်) ရှမ်းနီအမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ (TNDP) ကို ဇန်နဝါရီလ ၂၀ ရက်နေ့တွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီမှတ်ပုံတင်ခွင့်လျှောက်ထားခဲ့ကြောင်း ပါတီခေါင်းဆောင်ဦးစောဂင်းထွန်းကပြောသည်။ (Mizzima 230112) Read More…, S.H.A.N…, BBC…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- လာမည့်ကြားဖြတ်ရွေးကောက်ပွဲအား လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်မြောက်စေခြင်းအားဖြင့် မြန်မာ့ဒီမိုကရေစီရေး တိုးတက်ပြောင်းလဲနေသည်ကို သက်သေပြရမည့်အချိန်ဖြစ်ကြောင်း ချင်းရေးရာဝန်ကြီးဖြစ်သူ ချင်းတိုးတက်ရေးပါတီ (CPP) ဥက္ကဋ္ဌ ပူးနိုထန်ကပ်က ပြောဆိုလိုက်သည်။ (Myit Makha 240112) Read More...
- မွန်အမျိုးသားရေးကိစ္စရပ်များ ပိုမိုအားကောင်းရန်အတွက် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့နှင့် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ နှစ်ပါတီအား တစ်ပါတီအဖြစ်ပူးပေါင်းရန် ဇန်နဂါရီ ၁၃ ရက်နေ့က မော်လမြိုင်မြို့သာသနာ ၂၅၀၀ ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်သည့် ပဏာမအဆင့်ဆွေးနွေးမှုအရ သဘောတူညီမှုရရှိကြပြီဖြစ်ကြောင်း ဗဟိုအလုပ်မှုဆောင်ကော်မတီ နိုင်စိုးမြင့်ကပြောသည်။ (IMNA 240112) Read More...
- အမျိုးသားဒီမိုကရေစီပါတီသစ်က လာမည့်ကြားဖြတ်ရွေးကောက်ပွဲ၌ လွှတ်တော်ကိုယ်စားလှယ်လောင်း သုံးဦးအဖြစ် ဟစ်ဟော့ အဆိုတော် ရသ (ခေါ်) ရဲလင်းသိန်း၊ ဦးဝင်းရွှေနှင့် ဦးဖုန်းမြင့်တို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပါတီ ဥက္ကဋ္ဌ ဦးသိန်းညွန့်က ပြောကြားလိုက်သည်။ (EMG 250112) Read More...
- အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီအနေဖြင့် လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်နေရာ ၁၂ နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် လွန်ခဲ့သည့် ဇန်နဝါရီ ၁၈ ရက်နေ့က ဆုံးဖြတ်ခဲ့ပြီး အဆိုပါကိုယ်စားလှယ်လောင်းများ၏ စာရင်းကိုလည်း ထုတ်ပြန်ကြေညာလိုက်သည်။ (EMG 250112) Read More...
- တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည) အနေဖြင့် လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်နေရာ ၂၃ နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းနှင့် ယင်းကိုယ်စားလှယ်လောင်းများ၏ အမည်များကိုလည်း ထုတ်ပြန်လိုက်သည်။ (EMG 250112) Read More...
- ကချင်ပြည်နယ် ဟိုပင်မြို့တွင် တပ်မတော်အရာရှိတစ်ဦးနှင့် အချင်းများပြီး သေနတ်နှင့်ပတ်ခတ်၍ သေးဆုံးခဲ့ရသည့် ဘူတာရုံဝန်ထမ်း ကိုဇော်ဇော်နိုင်၏အမှုကို လွှတ်တော်နှင့် သက်ဆိုင်ရာကို တိုင်ကြားရန် အမျိုးသားဒီမိုကရေစီအင်အားစု NDF က ကြိုးပမ်းနေသည်ဟု NDF အထက်မြန်မာပြည် ဥက္ကဋ္ဌ ဦးမြင့်သွင်က ပြောသည်။ (DVB 260112) Read More...
- ချင်းအမျိုးသားပါတီ (CNP) နှင့် ချင်းတိုးတက်ရေးပါတီ (CPP) တို့အနေဖြင့် လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည်မဟုတ်ကြောင်း အဆိုပါပါတီခေါင်းဆောင်များကပြောကြားလိုက်သည်။ (Myit Makha 260112) Read More...

## လွှတ်တော်

### ပြည်ထောင်စုလွှတ်တော်

- ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ပြုလုပ်မည့် ဝန်ကြီးဌာန အသီးသီး၏ စီမံကိန်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်တွင် အပြီးအပြတ်ဆွေးနွေးသွားမည်ဟု ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်အမတ် ဦးဖုန်းမြင့်အောင်တို့ကပြောသည်။ (Mizzima 260112) Read More...

### ပြည်သူ့လွှတ်တော်

- ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှု လုပ်ငန်းများအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်ရန် ဇန်နဂါရီ ၂၆ ရက်နေ့ ကျင်းပခဲ့သော ပြည်သူ့ လွှတ်တော် အစည်းအဝေး၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်တွင်း ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်က တင်သွင်းပြီး ကြံ့ဖွံ့ပါတီဝင် ကိုယ်စားလှယ်နှစ်ဦးက ထောက်ခံဆွေးနွေးကာ ချက်ချင်း အတည်ပြုပေးလိုက်ကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အချို့ကပြောသည်။ (Irrawaddy 260112) Read More...
- မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်အမတ် ဦးသိန်းဇော်တင်သွင်းသော တိုင်းရင်းသားများ၏ လူနေမှုဘဝမြင့်မားရေးနှင့် ယဉ်ကျေးမှု ထိန်းသိမ်းရေး ကော်မတီ ဖွဲ့စည်းရန် ဇန်နဂါရီ ၂၇ ရက်နေ့က အဆိုနှစ်ရပ်ကို လွှတ်တော်မှ အတည်ပြုပေးလိုက်သည်ဟု လွှတ်တော် အမတ်များကပြောသည်။ (Mizzima 270112) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

## အမျိုးသားလူ့အခွင့်အရေးကော်မရှင်

- လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ HRW မှ ထုတ်ပြန်လိုက်သည့် ၂၀၁၁ ခုနှစ် အစီရင်ခံစာတွင် မြန်မာ့လူ့အခွင့်အရေး အခြေအနေနိမ့်ကျနေသည်ဟု ဖော်ပြထားချက်သည် သဘာဝမကျကြောင်းနှင့် လူ့အခွင့်အရေးကိုအစိုးရသစ်နှင့်အဟောင်းကို ခွဲခြား မြင်ရန်လိုအပ်ကြောင်း မြန်မာ့အမျိုးသားလူ့အခွင့်အရေးကော်မရှင်က တုံ့ပြန်ပြောဆိုလိုက်သည်။ (DVB 230112) Read More...
- ဥရောပသမဂ္ဂ EU အနေဖြင့် မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် ယူရို ၁၅၀ ခန့် အကူအညီပေးရာတွင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အတွက် ပါဝင်သဖြင့် ၄င်းထောက်ပံ့ကို ထိုက်သင့်သည့်နေရာများတွင် သီးခြားလွတ်လပ်စွာ သုံးစွဲသွား မည်ဖြစ်ကြောင်း ကော်မရှင် ဥက္ကဌ ဦးဝင်းမြရကပြောသည်။ (VOA 240112) Read More...

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

## (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးအကျဉ်းသားဟောင်း၃၅ ဦးနှင့် ဇန်နဝါရီ ၂၃ ရက်နေ့က တွေ့ဆုံမှုတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် NLD ပါတီတွင်းသို့ ၄င်းတို့အား ဝင်ရောက်ဆောင်ရွက်ရန်နှင့် ကြားဖြတ်ရွေးကောက်ပွဲ အောင်နိုင်ရေးတို့ကို ပံ့ပိုးကြရန် ကမ်းလှမ်းခဲ့ကြောင်း တွေ့ဆုံပွဲတွင်ပါဝင်ခဲ့သူမခင်မိုးအေးကပြောသည်။ (DVB 230112) Read More...
- အင်းစိန်ထောင်တွင် အကျဉ်းကျခံနေရသည့် ကရင်အမျိုးသားအစည်းအရုံး KNU ဗဟိုကော်မတီဝင် ပဒိုမန်းငြိမ်းမောင်အားလာမည့် အပတ်တွင် ရုံးထုတ်စစ်ဆေးရာတွင် ရှေ့နေခေါ်ယူပေးသွားမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အဖွဲ့ဝင် နော်အုန်းလှ ကပြောသည်။ (KIC 230112) Read More...
- ၁၉၆၂ ခုနှစ်မှစတင်၍ မကြာမီမှ လွတ်ငြိမ်းချမ်းသာခွင့်အရ လွတ်မြောက်လာသူများအထိ ပါဝင်သည့် နိုင်ငံရေးအကျဉ်းသားဟောင်း များအား ပဲခူးမြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မိသားစုဝင်များမှ ဇန်နဝါရီ ၂၄ ရက်နေ့က ပဲခူးမြို့ ဂရမ်းဆိုရှယ် (Grand Social) ခန်းမဆောင်တွင် ဂုဏ်ပြုခဲ့ကြောင်း ပဲခူးတိုင်းခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးမြတ်လှကပြောသည်။ (RFA 240112) Read More..., DVB...
- ဥရောပသမဂ္ဂ EU အဖွဲ့ဝင်နိုင်ငံများမှ မြန်မာနိုင်ငံအပေါ် အရေးယူဒဏ်ခတ်ပိတ်ဆို့အချို့ကို ဖြေလျှော့ပေးလိုက်ခြင်းသည် မြန်မာ အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကို တွန်းအားဖြစ်စေသည်ဟု အဖွဲ့ချုပ်အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်းကပြောကြားလိုက်သည်။ (DVB 240112) Read More...
- အမျိုးသမီးများနှင့်လူငယ်များဦးဆောင်၍ နိုင်ငံ့ကိစ္စများကိုလုပ်ဆောင်စေချင်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်က လွန်ခဲ့သည့် ဇန်နဝါရီ ၁၉ ရက်နေ့က ကျင်းပခဲ့သည့် Shoe Gallery မှ အလှူငွေ သိန်း ၁၀၀ လှူဒါန်းပွဲတွင်ပြောကြား လိုက်သည်။ (Myit Makha 240112) Read More...
- တနင်္သာရီတိုင်း၊ မြိတ်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကိုယ်စားလှယ်လောင်း ဒေါ်တင်တင်ရီအား အဖွဲ့ချုပ်ဝင် လူငယ်တစ်ဦးက ရုံးရှေ့တွင် အဖွဲ့ချုပ်တံဆိပ်ပါအကျီအား ဇန်နဝါရီ ၂၃ ရက်နေ့ ညပိုင်းက မီးရှို့ကန့်ကွက်ခဲ့သည်ဟု ကန့်ကွက်မှုကိုညှိနှိုင်းပေးခဲ့သူ လောင်းလုံမြို့နယ် NLD ကိုယ်စားလှယ်လောင်း ဦးအောင်စိုးကပြောသည်။ (Mizzima 240112) Read More...
- မျှော်လင့်ချက်ရောင်ခြည်သန်းလာသည်ဟု အမေရိကန်သမ္မတ အိုဘားမားမှ ပြောဆိုလိုက်သည့် မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု များသည် အားနည်းနေကြောင်းနှင့် အမေရိကန်အဖြင့် ဆက်လက်ဖိအားပေးရန် လိုအပ်နေသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD သဘာပတိအဖွဲ့ဝင် သတင်းစာဆရာကြီး ဦးဝင်းတင်က သုံးသပ်ပြောဆိုလိုက်သည်။ (VOA 250112) Read More...
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်နေရာပြည့် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရာတွင် ယှဉ်ပြိုင်တင်ပြမှုများရှိခဲ့၍ ဘဝင်မကျဖြစ်ရသည်များရှိခဲ့ကြောင်း နာယက ဦးတင်ဦးက ပြောသည်။ (Mizzima 260112) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အတွင်းရေးမှူး အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ရှေ့နေ ဦးဉာဏ်ဝင်းကို အဖွဲ့ချုပ်ဗဟိုရွေးကောက်ပွဲ အောင်နိုင်ရေးအဖွဲ့ အတွင်းရေးမှူး (Campaign manager) အဖြစ် ဇန်နဝါရီ ၂၆ ရက်နေ့က ပြုလုပ်သည့်အစည်းအဝေးတွင် ဆုံးဖြတ် တာဝန်ပေးအပ်လိုက်ကြောင်း အဖွဲ့ချုပ်အတွင်းရေးမှူးအဖွဲ့ဝင် ဦးအုံးကြိုင်ကပြောသည်။ (RFA 260112) Read More...
- မြန်မာနိုင်ငံတွင် ကြီးမားသည့်ပြောင်းလဲမှု ဖြစ်လာနိုင်ခြင်းကို မြင်နေရပြီး ယခုအချိန်သည် အရေးကြီးသည့်အဆင့်ကို ရောက်ရှိနေ သည်ဟု မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်တွင် ကျင်းပနေသည့် ၂၀၁၂ ခုနှစ်၊ ကမ္ဘာ့စီးပွားရေး နှီးနှောဖလှယ်ပွဲသို့ပေးပို့သည့် ဗွီဒီယိုသဝဏ်လွှာတွင် ပြောကြားလိုက်သည်။ (VOA 260112) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- အာဏာရကြံ့ဖွံ့ပါတီ USDP နှင့်အခြားပါတီများထဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါဝင် အရွေးခံမည်ကို ဆန့်ကျင်သူများ၊ လာမည့်ကြားဖြတ်ရွေးကောက်ပွဲကို မျှမျှတတ မဖြစ်စေချင်သူများလည်း ရှိနိုင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ဇန်နဝါရီ ၂၆ ရက်နေ့တွင် နော်ဝေနိုင်ငံခြားရေးဝန်ကြီး Jonas Gahr Støre နှင့်တွေ့ဆုံစဉ် ပြောဆိုလိုက်သည်။ (VOA 260112) Read More…
- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အားလုံးဝိုင်းဝန်းလုပ်ဆောင်ကြရန် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်မြို့ ဗဟန်းရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီခြံတွင် ကျင်းပသည့် Live Together with Wetland "ရေတိမ်ဒေသ အလှတွေနဲ့ အတူ" ဓာတ်ပုံပြပွဲ အခမ်းအနားတွင် တိုက်တွန်းပြောဆိုလိုက်သည်။ (RFA 270112) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အနေဖြင့် မြန်မာနိုင်ငံအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိစေမည့် ရေရှည်တည်တံ့သော စီးပွားရေး မော်ဒယ်ပုံစံသစ်အတွက် အသေးစိတ်အစီအစဉ်ရေးဆွဲရန်စီစဉ်ထားကြောင်း ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့တွင် ကျင်းပနေသော ကမ္ဘာ့စီးပွားရေးညီလာခံသို့ ပေးပို့သောမိန့်ခွန်းဗီဒီယိုတွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။ (Irrawaddy 270112) Read More…
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်တိုင်း ကော့မှူးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၁ ရွာသို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီဝင်များက မဲဆွယ်စည်းရုံးရေး ခရီးထွက်ခဲ့ရာ ရာပေါင်းများစွာသော လူထုကကြိုဆိုခဲ့ကြသည်ဟု NLD မဲဆွယ်စည်းရုံးရေး ခရီးစဉ်တွင် ပါဝင်ခဲ့သူ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုညီညီဦးကပြောသည်။ (Irrawaddy 270112) Read More …
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် လွှတ်တော်ထဲ ရောက်ရှိပါက အများအကျိုး ထိခိုက်စေသည့် ဥပဒေများအား ဖျက်သိမ်းသွားမည်ဟု NLD ဥပဒေရေးရာကော်မတီ ခေါင်းဆောင်ဦးတင်ဦးက ပြောသည်။ (Mizzima 270112) Read More…

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)

- ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးက ရှမ်းပြည်နယ် တိုးတက်ရေး၊ ရှမ်းလူမျိုးများ ကောင်းစားရေးကို အဓိကလုပ်ဆောင်ရန်အတွက် လွှတ်တော်တွင်းမှ ပိုမိုလုပ်ပိုင်ခွင့်ရရန် လာမည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု ထုတ်ဖော်ပြောဆိုလိုက်သည်။ (BBC 250112) Read More…

(ဂ) အခြားတက်ကြွလှုပ်ရှားသများ

- ၈၈ မျိုးဆက်ကျောင်းသားများ၏ သဘောထားထုတ်ပြန်ချက်များ၌ ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံထားမှုပါအဝင် မေတ္တာတရားအခြေခံသော လူသားကောင်းကျိုး လုပ်ဆောင်ရန် ရည်ရွယ်ချက်များကြောင့် ရွှေညဝါဆရာတော်နှင့်အတူ အခြားသံဃာတော်များက ကြေညာချက်တစ်စောင် ထုတ်ပြန်ကာ ချီးမွမ်းကြိုဆိုလိုက်သည်။ (RFA 220112) Read More…
- မြန်မာနိုင်ငံတွင် ကျောင်းသားသမဂ္ဂများ ပေါ်ထွန်းရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဇန်နဂါရီလ ၂၁ ရက်နေ့က ရန်ကုန်တော်ဝင်စင်တာတွင် ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်ကပြောကြားလိုက်သည်။ (Irrawaddy 230112) Read More…
- ဗိုလ်ချုပ်အောင်ဆန်းပုံပါ တီရှပ်ကို အင်းစိန်ထောင်တွင်းသို့ တရားမဝင် သွင်းရန်ကြိုးစားသည်ဆိုသည့်စွဲချက်ဖြင့် တင်ထားသည့် အမှုသည် အချိန်အခါအရ မဖြစ်သင့်ကြောင်းနှင့် ၎င်းအား ငွေဒဏ်ချမှတ်မည်ဆိုပါကမိမိအနေဖြင့် ထောင်ဒဏ်ကျခံရန် ဆုံးဖြတ်ထားကြောင်း လွတ်ငြိမ်းချမ်းသာခွင့်နှင့်ပြန်လည်လွတ်မြောက်လာသည့် ဗိုလ်ကြီးဟောင်း နေမျိုးဇင်က ပြောဆိုလိုက်သည်။ (RFA 230112) Read More…
- သရက်အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာသည့် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်က ပြည်သူလူထုကို လုံခြုံမှုပေးနိုင်သော ဥပဒေတရပ် ပြဌာန်းပေးရန် လွှတ်တော်အတွင်း ဝင်ရောက်မည့် ကိုယ်စားလှယ် လောင်းများအား တောင်းဆိုလိုက်သည်။ (Irrawaddy 240112) Read More…
- ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များက ဒေါ်အောင်ဆန်းစုကြည်နှင့် ဇန်နဝါရီ ၂၇ ရက်နေ့ တွေ့ဆုံမှုတွင် ကြားဖြတ်ရွေးကောက်ပွဲကိစ္စနှင့် ကျန်နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေးကိစ္စ စသည့်ရှေ့ဆက်နိုင်ငံရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ (RFA 270112) Read More…, VOA…

## တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်အမျိုးသားအစည်းအရုံး KNU အဖွဲ့ဝင်များနှင့် KNU ထိန်းချုပ်နယ်မြေမှ ကရင်လူထုများမှတ်ပုံတင်ရရှိရန် ဖေဖော်ဝါရီ တတိယအပတ်တွင် အစိုးရကိုယ်စားလှယ်အဖွဲ့နှင့်ထပ်မံတွေ့ဆုံပွဲတွင် တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း KNU ဗဟိုကော်မတီဝင် စောဒေးဗစ်ထောကပြောသည်။ (Mizzima 230112) Read More…
- ဇန်နဝါရီ ၂၀ ရက်နေ့ကကျင်းပသော ဆဋ္ဌမအကြိမ်မြောက် မွန်အမျိုးသားရေးရာ နီးနှောဖလှယ်ပွဲ အပိတ်မိန့်ခွန်းတွင် မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ထောမွန်က မြန်မာအစိုးရနှင့်အပစ်အခတ်ရပ်စဲရေးလုပ်ရန်မခက်ခဲသော်လည်း နိုင်ငံရေးဆွေးနွေးမှုများပြုလုပ်ရန်ခက်ခဲကြောင်း ပြောကြားလိုက်သည်။ (Mizzima 230112) Read More…
- ရှမ်းပြည်တိုးတက်ရေးပါတီ SSA/ SSPP တပ်ဖွဲ့က အပစ်အခတ်ရပ်စဲရေးဆွေးနွေးရန်အတွက် ဇန်နဂါရီလကုန်ပိုင်းတွင် အစိုးရကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံမည်ဖြစ်ကြောင်း ဇန်နဂါရီလ (၂၂) ရက်နေ့က ကြေညာချက်ထုတ်ပြန်၍ ရှမ်းပြည်လူထုထံအသိပေးပြောဆိုလိုက်ကြောင်း SSA/ SSPP အဖွဲ့ အတွင်းရေးမှူး (၂) လည်းဖြစ်၊ ပြည်တွင်းပြည်ပဆက်ဆံရေးတာဂန်ခံလည်းဖြစ်သူ ဗိုလ်မှူးကြီး စိုင်းထူးကပြောသည်။ (NMG 230112) Read More…, S.H.A.N…
- ရန်ကုန်ရောက် သျှမ်းပြည်တပ်မတော် (RCSS) ၏ ငြိမ်းချမ်းရေးဆွေးနွေးရေးကိုယ်စားလှယ်များ သျှမ်းတိုင်းရင်းသားခေါင်းဆောင်ခွန်ထွန်းဦးထံ ဇန်နဂါရီ ၂၁ ရက်နေ့က သွားရောက်ဂါရဝပြုခဲ့ကြကြောင်း သျှမ်းပြည်တပ်မတော် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၏ နိုင်ငံရေးအတိုင်ပင်ခံပုဂ္ဂိုလ် စိုင်းပင်ခမ်းက ပြောသည်။ (S.H.A.N 230112) Read More…
- အစိုးရသစ်က တတိယအကြိမ်မြောက် လွတ်ငြိမ်းချမ်းသာခွင့်ပေးသော်လည်း သေဒဏ်ချမှတ်ခံရသည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ သျှမ်းပြည်တပ်မတော် RCSS/SSA ၏ တပ်မဟာ ၂၄၁ တပ်မှူး ဒု ဗိုလ်မှူးကြီး ခွန်ကျော်နှင့် ၎င်းတပ်သား ၁၈ ဦး လွတ်မြောက်လာခြင်းမရှိသေးကြောင်း သျှမ်းပြည်တပ်မတော်အသိုင်းအဝိုင်းကပြောသည်။ (S.H.A.N 230112) Read More…
- လွှတ်ပေးမည်ဟု ကတိပေးထားပြီးနောက် ထပ်မံ၍ ပုဒ်မကြီးများ တပ်ပြီးရုံးထုတ် စစ်ဆေးခံရခြင်းကို အလွန်အံ့အားသင့်မိကြောင်း အင်းစိန်အကျဉ်းထောင်တွင်း ထိန်းသိမ်းခံထားရသည့် ကရင်အမျိုးသားအစည်းအရုံး KNU ဗဟို ကော်မတီဂင် ဗဒိုမန်းငြိမ်းမောင်က ပြောဆိုခဲ့ကြောင်း အမှုကိုလိုက်ပါဆောင်ရွက်ပေးနေသည့် တရားရုံးချုပ် ရှေ့နေကြီး ဦးကြီးမြင့်ကပြောသည်။ (RFA 230112) Read More…
- မြန်မာအစိုးရ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးသည့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဗဟိုကော်မတီဂင်တစ်ဦးဖြစ်သည့် ပဒိုမန်းငြိမ်းမောင် ပြန်လည်လွတ်မြောက်လာရေးအတွက် အစိုးရနှင့်ထပ်မံတွေ့ဆုံသည့်အခါ တောင်းဆိုသွားမည်ဖြစ်ကြောင်း KNU ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ အတွင်းရေးမှူး ပဒိုစောဒေးဗစ်ထောကပြောသည်။ (KIC 240112) Read More…
- ချင်းအမျိုးသားတပ်မတော်တပ်မှူးများအစည်းအဝေးကို ဇန္နဂါရီလ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ တပ်မတော်ကိုတိုင်းဖြင့် ဖွဲ့စည်းထားခြင်းကို ဗျူဟာဖြင့်ပြန်လည်ဖွဲ့စည်းကြပြီး တပ်စည်းကမ်းပိုမိုကြပ်မတ်ရေး၊ ပြည်သူနှင့်ချစ်ကြည်ရင်းနှီးမှုပိုမိုရယူရေး၊ ဒေသအတွင်း အစိုးရတပ်မတော်သားများနှင့် တိုက်ခိုက်မှုမပြုရေးများဆွေးနွေးကြကြောင်း တပ်မတော်အရာရှိတစ်ဦးကပြောသည်။ (Khonumthung 240112) Read More…
- ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အစိုးရ ကိုယ်စားလှယ်များနှင့် မော်လမြိုင်မြို့၌ ဒုတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် မွန်ပြည်သစ်ပါတီက ဒု-ဥက္ကဋ္ဌ နိုင်ရော့စ ဦးဆောင်သည့် ကိုယ်စားလှယ် ၇ ဦးပါ အဖွဲ့ကို ရွေးချယ်လိုက်ကြောင်း ဗဟိုကော်မတီဝင် နိုင်ဟံသာပိန်နိုင်းက ပြောသည်။ (Mizzima 250112) Read More…
- အစိုးရနှင့် အပစ်အခတ်ရပ်ဆိုင်းရေး လက်မှတ်ထိုးပြီးနောက် ရှမ်းပြည်တောင်ပိုင်း တပ်မတော် (SSA-S) ခေါင်းဆောင်များမှ ယခုရက်ပိုင်းအတွင်း မြို့ကြီးသုံးမြို့တွင် စီးပွားရေးလေ့လာရေးမှုများ သွားရောက်ပြုလုပ်ခဲ့ကြောင်း SSA-S မှ ဗိုလ်မှူး စိုင်းလော်ဆိုင်းက ပြောသည်။ (Mizzima 250112) Read More…
- ကရင်အမျိုးသား အစည်းအရုံး KNU နှင့် မြန်မာအစိုးရ နှစ်ဖက် ငြိမ်းချမ်းရေး ကိုယ်စားလှယ်များ ဒုတိယအကြိမ် တွေ့ဆုံသည့်အခါတွင် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းအတွင်းရှိ ရွာပုန်း၊ ရွာရှောင် ဒုက္ခသည် IDP များ ပြန်လည်ထူထောင်ရေးကို ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း KNU ငြိမ်းချမ်းရေး ဖော်ဆောင်ရေးကော်မတီ အတွင်းရေးမှူး ပဒိုစောဒေးဗစ်ထောက ပြောသည်။ (Mizzima 260112) Read More…
- ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့နှင့် သမ္မတ ဦးသိန်းစိန် အစိုးရ၏ ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့တို့သည် အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ လာမည့်ဖေဖော်ဂါရီလ အစောပိုင်းတွင် တရားဂင်တွေ့ဆုံဆွေးနွေးသွားမည်ဟု KNPP အတွင်းရေးမှူး ၁ ခူဦးရယ်က ပြောသည်။ (KT 260112) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- မြန်မာအစိုးရနှင့် နိုင်ငံရေးဆက်ဆွေးနွေးရန် သဘောတူလက်မှတ်ထိုးပြီးနောက် ဇန်နဝါရီလ ၂၃ မှ ၂၅ ရက်နေ့အထိ ကရင်ပြည်နယ် ဒေသတနေရာ၌ ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ဗဟိုကော်မတီ အရေးပေါ်အစည်းအဝေးတွင် ကရင်အမျိုးသား အစည်းအရုံး KNU က နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများပူးပေါင်းပါဝင်မှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၆ ရက်နေ့က ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း KNU တွဲဖက်အတွင်းရေးမှူး (၁) ဗိုလ်မှူးစောလှငွေကပြောသည်။ (KIC 270112) Read More..., DVB...
- အိန္ဒိယ၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်အခြေစိုက် လက်နက်ကိုင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ကို အစိုးရက ပြည်ထောင်စု အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရန် လွန်ခဲ့သည့် ဇန်နဝါရီ ၂၃ ရက်နေ့က ကမ်းလှမ်းလာခဲ့သည်ဟု ALP ပြောခွင့်ရ တွဲဘက်အထွေထွေ အတွင်းရေးမှူး (၂) ဦးခိုင်သုခကပြောသည်။ (BBC 270112) Read More...
- ထိန်းသိမ်းခံထားရသော ကရင်အမျိုးသား အစည်းအရုံး KNU ခေါင်းဆောင် ပဒိုမန်းငြိမ်းမောင်ကို ၁၂၂ (၁) က သေဒဏ်ကနေ တသက်တကျွန်း၊ မတရားအသင်း ၁၇ (၁) က ၂ နှစ် ကနေ ၃ နှစ် ပြစ်ဒဏ်ချမှတ်နိုင်သည့်အမှုဖြင့် စွဲချက်ထပ်မံတင်ထားသည်ဟု ရှေ့နေ ဦးကြီးမြင့်ကပြောသည်။ (Irrawaddy 270112) Read More...
- ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် PNLO က အစိုးရနှင့် ဆွေးနွေးရန် အဖွဲ့ဝင် ၅ ဦးပါဝသည့် ငြိမ်းချမ်းအဖွဲ့အား ဖွဲ့စည်းထားကြောင်း PNLO ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောသည်။ (Mizzima 270112) Read More...
- သျှမ်းပြည်တပ်မတော် RCSS/SSA နှင့် မြန်မာအစိုးရကိုယ်စားလှယ်တို့ ဇန်နဝါရီလ ၁၆ ရက် တောင်ကြီး၌ တွေ့ဆုံဆွေးနွေးရာတွင် သဘောတူညီချက် ၁၁ ချက်ကိုလက်မှတ်ရေးထိုးခဲ့ပြီဖြစ်သော်လည်း လက်တွေ့အကောင်အထည်ဖော်မှသာ ယုံကြည်နိုင်ကြောင်း သျှမ်းပြည် တပ်မတော် ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးလောဝ်ဆိုင်က ပြောသည်။ (S.H.A.N 270112) Read More...
- မြန်မာအစိုးရနှင့် ကရင်အမျိုးသား အစည်းအရုံး KNU တို့အကြား ဇန်နဝါရီလဆန်းပိုင်းက အပစ်အခတ်ရပ်စဲရေးဆိုင် ရာသဘောတူ လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ထိုင်း-မြန်မာနယ်စပ် မဲဆောက်-မြဝတီလမ်းကြောင်း၏ တရားမဝင် ကုန်သွယ်မှုနှုန်း မြှင့်တက်လာ ခဲ့ကြောင်း ကရင်ပြည် နယ်အစိုးရ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးခိုင်မင်းစိုးသိန်း၏ ပြောဆိုချက်သည် အခြေအမြစ်မရှိကြောင်း KNU ဒု-ဥက္ကဋ္ဌ ပဒိုဒေးဗစ်သကဘောက တုံ့ပြန်ပြောဆိုလိုက်သည်။ (KIC 280112) Read More...
- အစိုးရ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်နယ်တပ်မတော်တပ်မတော် (SSPP/SSA) တို့ကြား ဇန်နဝါရီ ၂၈ ရက်နေ့က တောင်ကြီးမြို့တွင် ပထမဆုံးအကြိမ်တရားဝင်တွေ့ဆုံကာ အပစ်အခတ်ရပ်စဲရေး သဘော တူညီမှုလက်မှတ် ရေးထိုးနိုင်ခဲ့ကြသည်။ (BBC 280112) Read More..., VOA..., RFA...

## အတိုက်အခံအင်အားစုများ (ပြည်ပ)

- နိုင်ငံရေးအကျဉ်းသားများ လွတ်ငြိမ်းချမ်းသာ ခွင့်ပေးခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများ တိုးတက်မှုများကြောင့် ပြည်ပအခြေစိုက် နိုင်ငံရေးလှုပ်ရှားနေကြသူ ၃၀၀ ဝန်းကျင်ခန့်က ပြည်တွင်းပြန်ဝင်လာရန် ပြင်ဆင် နေကြပြီဖြစ်ကြောင်း ထိုင်းနိုင်ငံ မဲဆောက်မြို့အခြေစိုက် အတိုက်အခံအင်အားစုအဖွဲ့တစ်ခုမှ အမည်မဖော်လိုသောတာဝန်ခံတစ်ဦးက အတည်ပြု ပြောကြားလိုက်သည်။ (The Myanmar Post 230112) Read More...
- ယခုလဆန်းပိုင်းက ပန်းဆေးပြည်သူ့စစ်တပ်ဖွဲ့နှင့် မြန်မာစစ်တပ်တို့ ပူးပေါင်းပြီး ရွာသားတစ်ဦးအား အကြောင်းမဲ့ သတ်ဖြတ် သည့်ကိစ္စနှင့် ပတ်သက်၍ လက်ရှိအစိုးရမှ ထိရောက်စွာ အရေးယူပေးရန် ပလောင်(တအာင်း) အမျိုးသမီးအစည်းအရုံး PWO က ထုတ်ပြန်ကြေညာချက်တစ်စောင်ကို ဇန်နဝါရီ ၂၄ ရက်နေ့က ထုတ်ပြန်လိုက်သည်။ (S.H.A.N 250112) Read More...
- မြန်မာနိုင်ငံ အကျဉ်းထောင်အသီးသီးတွင် နိုင်ငံရေးအကျဉ်းသား ၉၀၀ ကျော် ကျန်ရှိနေသေးကြောင်း၊ စာရင်းအတိအကျ ရရှိရန် ဆက်လက်ပြုစုနေဆဲဖြစ်ကြောင်း ထိုင်းနိုင်ငံအခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း AAPP အတွင်းရေးမှူး ဦးတိတ်နိုင်ကပြောသည်။ (Mizzima 260112) Read More...
- မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများမှ ထိန်းသိမ်းခံထားရသူများအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးသည့် အချိန်အထိ နိုင်ငံတကာအသိုင်းအဝိုင်းမှ ပိတ်ဆို့အရေးယူ ဒဏ်ခတ်ထားမှုများကို အပြီးတိုင်ဖယ်ရှားခြင်းမပြုလုပ်ဘဲ အစိုးရအပေါ် ဆက်လက်ဖိအားပေးသွားရန် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) AAPP တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်က ပြောကြားလိုက်သည်။ (VOA 270112) Read More...
- အစိုးရအဆက်ဆက် ကျင့်သုံးခဲ့သည့် မတရားအသင်း အက်ဥပဒေသည် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကို အတားအဆီး ဖြစ်နေသည့်အတွက် အစိုးရသစ်အနေဖြင့် ဖျက်သိမ်းပေးရန် မတရားအသင်း ကြေညာခံထားရသည့် အဖွဲ့အစည်း များက တောင်းဆိုလိုက်သည်။ (DVB 270112) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ဒဏ်ခတ် အရေးယူမှုများ စတင်ဖြေလျှော့ပေးသည့် ပထမဆုံး ခြေလှမ်းအဖြစ် မြန်မာအစိုးရ ထိပ်ပိုင်းခေါင်းဆောင်များနှင့် ၎င်းတို့၏မိသားစုများအား ပြည်ဝင်ခွင့် ဗီဇာ ပိတ်ပင်ထားမှုကို ဇန်နဝါရီ ၂၃ ရက်နေ့စတင်၍ ရုပ်သိမ်းလိုက်ကြောင်း ဥရောပသမဂ္ဂ EU ပြောရေးဆိုခွင့်ရှိသူ Maja Kocijancic က ပြောသည်။ (DVB 230112) Read More..., VOA..., BBC...
- ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းသည် မကြာမီ မြန်မာနိုင်ငံသို့ လာရောက်ရန် စီစဉ်နေပြီး မြန်မာအာဏာပိုင်များနှင့် ထပ်မံဆွေးနွေးရန်စီစဉ်နေကြောင်း မစ္စတာ ဘန်ကီမွန်းက အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် သတင်းထောက်များကိုပြောကြားလိုက်သည်။ (Irrawaddy 260112) Read More...
- မြန်မာနိုင်ငံက လတ်တလော ဖြစ်ပေါ်လာသည့်အပြောင်းအလဲများ အရှိန်အဟုန်မြှင့်နိုင်ရန် အစိုးရအနေဖြင့် ပုဂ္ဂလိကနှင့် အစိုးရဌာနများအားလုံးလက်တွဲဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများဖန်တီးပေးရန် ကုလသမဂ္ဂအာရှပစ္စဖိတ်ဒေသဆိုင်ရာ အကြီးအကဲက ဇန်နဝါရီ ၂၅ ရက်နေ့က တိုက်တွန်းပြောဆိုလိုက်သည်။ (RFA 260112) Read More ...

### (ခ) အစိုးရ

- လာမည့်ကြားဖြတ်ရွေးကောက်ပွဲ၌ တရားမျှတမှုရှိမည်ဆိုသော်လည်း အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများကို ဖွင့်ပေးမည်မဟုတ်ဘဲ အစိုးရ၏ ပြုပြင်ပြောင်းလဲမှု အတိုင်းအတာအလိုက်စဉ်းစား၍ တစ်ဆင့်ချင်းဖြေလျှော့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရောက် အမေရိကန်အမတ်များကပြောကြားလိုက်သည်။ (VOA 220112) Read More..., BBC..., RFA...
- အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းက မြန်မာအစိုးရကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန်၊ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဝင်ရောက်ခွင့်ပြုရန် သမ္မတ ဦးသိန်းစိန်အား ဇန်နဂါရီ ၂၂ ရက်က တိုက်တွန်းတောင်းဆိုလိုက်သည်။ (Irrawaddy 230112) Read More..., BBC...
- အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက ဇန်နဂါရီ ၂၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် နေပြည်တော်၌ တွေ့ဆုံခဲ့ရာတွင် မြန်မာ့လွှတ်တော်၏ အရည်အသွေးများပိုမိုကောင်းမွန်စေမည့် လွှတ်တော်နစ်ရပ်ပူးပေါင်း ဆောင်ရွက်မှုတို့အတွက် အမေရိကန်လွှတ်တော်သို့ လာရောက်လေ့လာရန် ဖိတ်ကြားလိုက်သည်။ (EMG 230112) Read More...
- တရုတ်နှစ်သစ်ကူးအကြို ဇန်နဂါရီ ၂၂ ညနေ ၇ နာရီတွင် နယ်စပ် တရုတ်နိုင်ငံ လားယိန်းရွာနှင့် ၎င်းတွင် တရားမဝင် ခိုလှုံနေသော ကချင် စစ်ပြေးဒုက္ခသည်စခန်းများရှိရာသို့ မြန်မာအစိုးရတပ်က လက်နက်ငယ်အကြိမ်ပေါင်းများစွာ ချိန်ရွယ်ပစ်ခတ်ခဲ့သော်လည်း တရုတ်အာဏာပိုင်များက တစုံတရာ တုန့်ပြန်မှုမရှိသေးဟု လားယိန်းဒေသခံတစ်ဦး ပြောသည်။ (KNG 240112) Read More...
- မြန်မာနိုင်ငံတွင် ဒီမိုကရေစီဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ရှေ့ဆက်အကောင်အထည်ဖော်ပြီး မြောက်ကိုရီးယားနှင့် စစ်ရေးဆက်ဆံမှုများ ဖြတ်တောက်မည်ဆိုပါက မြန်မာအပေါ် စီးပွားရေးပိတ်ဆို့အရေးယူထားမှုများကို ရုတ်သိမ်းပေးရန် ၎င်းအနေဖြင့် ထောက်ခံမည်ဟု အမေရိကန် အထက်လွှတ်တော်အမတ် Mitch McConnell က ပြောဆိုလိုက်သည်။ (BBC 250112) Read More...
- မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများ စတင်နေပြီဖြစ်ကြောင်း အမေရိကန် သမ္မတ Barack Obama က ဇန်နဝါရီ ၂၄ ရက်နေ့က အမေရိကန်အောက်လွှတ်တော်၌ ပြောကြားခဲ့သောနှစ်စဉ်နိုင်ငံတော်အခြေပြ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားလိုက်သည်။ (RFA 250112) Read More..., VOA..., Irrawaddy...
- မြန်မာနိုင်ငံမှ ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုသည့်အနေဖြင့် နော်ဝေး ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်ဝင်ခွင့်ဗီဇာ ပြန်လည်ခွင့်ပြုခြင်းတို့ကို ပြင်ဆင်လိုက်သည်ဟု နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Jonas Gahr Støre က ဒေါ်အောင်ဆန်းစုကြည်နှင့် ဇန်နဝါရီ ၂၄ ရက်နေ့ တွေ့ဆုံဆွေးနွေးစဉ် ပြောဆိုလိုက်သည်။ (RFA 250112) Read More...
- အိမ်နီးချင်း အိန္ဒိယအစိုးရအား အကြမ်းဖက်ဆန့်ကျင်နေသည့် ခွဲထွက်ရေးသူပုန်များကို မြန်မာ့မြေပေါ်တွင် ဘယ်သောအခါမှ လှုပ်ရှားခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဂန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၏ ပြောဆိုချက်ကို ကိုးကား၍ အိန္ဒိယပြည်ထဲရေးဂန်ကြီးဌာနက ဇန်နဝါရီ ၂၄ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။ (Myit Makha 250112) Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ၎င်း၏ အကြမ်းမဖက် ဒီမိုကရေစီရေး ကြိုးပမ်းမှုများမှတဆင့် ပါကစ္စတန်ပြည်သူများအတွက် အတုယူအားကျစရာဖြစ်သောကြောင့် Benazir Bhutto Shaheed ဒီမိုကရေစီဆုကို မြန်မာနိုင်ငံရောက်

ပါကစ္စတန် သမ္မတ Asif Ali Zardari က ဇန်နဝါရီ ၂၅ ရက်နေ့တွင် ချီးမြှင့်လိုက်သည်။ (VOA 250112) Read More..., BBC..., RFA...

- မြန်မာအစိုးရအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲကို သန့်ရှင်း၍ တရားမျှတစွာပြုလုပ်ပေးပါက အပြန်အလှန်အနေဖြင့် ကျန်ရှိနေသေးသည့် ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းနိုင်ကြောင်း မြန်မာနိုင်ငံကို ရောက်ရှိနေသည့် နော်ဝေနိုင်ငံခြားရေးဝန်ကြီး Jonas Gahr Støre က ဇန်နဝါရီ ၂၆ ရက်နေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။ (RFA 260112) Read More..., BBC...
- မြန်မာနိုင်ငံတွင် ဒီမိုကရေစီလမ်းကြောင်းကို ဦးတည်သည့်ပြောင်းလဲတိုးတက်မှုများတွေ့လာရကြောင်း အမေရိကန်အထက်လွှတ်တော်အမတ် Mitch McConnell က ဇန်နဝါရီ ၂၆ ရက်နေ့က အမေရိကန်အထက်လွှတ်တော်သို့ ဆွေးနွေးတင်ပြပြောကြားခဲ့သည်။ (RFA 270112) Read More...

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများနှင့်အတူ စီးပွားရေးမူဝါဒများကို ပြင်ဆင်လာသည့်အတွက် တိုးတက်မှုလက္ခဏာများ တွေ့မြင်လာရသော်လည်း အခြေခံကျသည့်ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်အများအပြားကျန်ရှိနေဆဲဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့ (IMF) က ဇန်နဝါရီ ၂၄ ရက်နေ့ ထုတ်ပြန်လိုက်သည့် အစီရင်ခံစာတွင် တိုက်တွန်းလိုက်သည်။ (VOA 250112) Read More..., RFA...
- မြန်မာနိုင်ငံတွင် အစိုးရမှ ကတိပြုထားသည့်အတိုင်း ပြုပြင်ပြောင်းလဲမှုများ လုပ်ပြမှသာ စီးပွားရေးပိတ်ဆို့ အရေးယူထားမှုများအား ဥရောပသမဂ္ဂ EU အနေဖြင့် ထပ်မံလျော့ပေါ့ပေးရန် Burma Campaign UK နှင့် Human Rights Watch အဖွဲ့တို့ကတိုက်တွန်းလိုက်သည်။ (BBC 260112) Read More...
- လူနေမှု အဆင့်အတန်းမြှင့်တင်ရေးနှင့် ဖွံ့ဖြိုးရေးဖြစ်စဉ်တို့အတွက် တဟုန်ထိုးစတင်ရန် သမိုင်းဝင်အခွင့်အလမ်းကြီးကို မြန်မာအစိုးရသစ် ရရှိနေကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မှ မြန်မာပြည်ဆိုင်ရာ ကိုယ်စားလှယ်ခေါင်းဆောင် Meral Karasulu က ပြောကြားလိုက်သည်။ (Irrawaddy 260112) Read More...

---

***End of report/ Saturday, January 28, 2012***
**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**
***Documentation and Research Department (NDD)***

---